# ၂၁. မြို့ခွေးနဲ့တောခွေး

## The City Dog and the Country Dog

*ထိုမှတပါး၊ ငါသည်ဘုရားသခင်နှင့် ဆိုင်သောအရာ၌ အသက်ရှင်မည်အကြောင်း၊ ပညတ်တရားနှင့်ဆိုင်သော အရာ၌ ပညတ်တရားအားဖြင့် သေလျက်နေ၏။ (ဂလာတိ၊ ၂း၁၉)*(တိတု၊ ၂း၁၂-၁၃)အရ ကျေးဇူးတော်အားဖြင့် လောကီရဲ့စွဲလန်းတပ်မက်ဘွယ်ရာအားလုံးကို ငြင်းဆိုနိုင်တယ်လို့ဆိုထားပါတယ်။ ဒါကြောင့် ခရစ်ယာန်များတို့ဟာ ခရစ်တော် ဒုတိယ အကြိမ်ကြွလာသည်အထိ မှားယွင်းခြင်းအမျိုးမျိုးတို့ကို ရှောင်ရှားပြီးနေနိုင်တယ်လို့ ဘယ်လိုဘဲပြောပြော တကယ့်လက်တွေ့ မှာတော့ ဒါကို ကျွန်တော်တို့လက်မခံနိုင်ကြပြန်ပါဘူး။ ပညတ်တရားတော်တို့ကို စောင့်ရှောက်ခြင်းအားဖြင့်သာလျှင် ဘုရားတရားရှိတဲ့လူဖြစ်လာနိုင်တယ်လို့ဘဲ ကျွန်တော်တို့ခံယူတတ်ကြ ပြန်ပါတယ်။ ဒီလိုပြောလို့ ပညတ်တော်ဆယ်ပါးလည်း အပါအဝင်ဖြစ်တယ်လို့ဆိုလိုတာမဟုတ်ပါဘူး။ ခေတ်အဆက်ဆက်က လူအမျိုးမျိုး၊ ကျမ်းတတ်ပုဂ္ဂိုလ်အမျိုးမျိုးတို့ဟာ လူသားများလိုက်လျှောက်သင့်တဲ့ ကောင်းနိုးရာရာ ပညတ်တော်အမျိုးမျိုး၊ ဥပဒေအမျိုးမျိုးတို့ကို ဖြည့်စွက်၊ ထည့်သွင်းပြဌာန်းခဲ့ကြပြီးမှ လူတွေကိုလိုက်ရှောက်ကျင့်သုံးစေခဲ့ကြပါတယ်။ (၁ကော၊၁၅း ၅၆)မှာ "သေမင်း၏ လက်နက်ကား၊ ဒုစရိုက်အပြစ်ပေတည်း။ ဒုစရိုက်အပြစ်၏တန်ခိုးကား၊ ပညတ်တရားပေတည်း"လို့ ဖော်ပြ ထားပါတယ်။ ကျွန်တော်တို့ထင်ကြတာက ပညတ်တရားကို ထိန်းသိမ်းထားနိုင်လျှင် ဘုရားတရားရှိတဲ့ လူဖြစ်လာမယ်လို့ ထင်ကြပေမယ့် ဤကျမ်းချက်အရ ကျွန်တော် တို့ထင်ထားတာရဲ့ ဆန့်ကျင်ဖက်ဖြစ်နေပါတယ်။ ဒါကြောင့် ပညတ်တရားတော်နဲ့ ကျေးဇူးတော်တို့ရဲ့ အကျိုးသက်ရောက်မှုကို သေသေချာချာ လေ့လာရင် ခြားနားမှုရှိနေတာကို တွေ့နိုင်ပါတယ်။ ဒါကို ဥပမာ နဲ့ ဖော်ပြရမယ်ဆိုလျှင် မြို့ကခွေးနဲ့ တောကခွေးကိုဘဲ နှိုင်းယှဉ်ပြပါရစေ။

မြို့ပေါ်ကခွေးများဟာ ကောင်းကောင်းနေရစားရကြပါတယ်။ ခြံရဲ့အနောက်ဖက်မှာလည်း သခင်များက သူတို့အတွက် သီးသန့်အိမ်ကလေးကိုပင် ဆောက်လုပ်ပေးထားတတ်ကြပါတယ်။ ရေနဲ့အစာအားလုံး မပြတ်မလတ်ရှိဖို့ရန် အိမ်ရှင်များ ကစီစဉ်ပေးတတ်ကြပါတယ်။ သူတို့ အိပ်ချင်လျှင်အိပ်၊ စားချင် လျှင်စား၍ရသလို အိမ်ရှင်များကလည်း ထိုခွေးများနဲ့အတူ ဆော့ကစားတတ်ကြတဲ့အတွက် ဤမျှဂရုစိုက်ခြင်းခံရတဲ့ ဒီခွေး တော့ သူ့ဘဝကိုသူ သိပ်ကျေနပ်မှာဘဲလို့ ထင်ချင်စရာရှိပါတယ်။

သို့သော် တကယ့်လက်တွေ့မှာတော့ ဒီမြို့ပေါ်က ခွေးဟာ အားတဲ့အချိန်တိုင်းမှာ ခြံအပြင်ဖက်ကို ဘယ်လိုထွက်လို့ရနိုင်မလဲဆိုတာကိုဘဲ စဉ်းစားနေတတ်ပါတယ်။ ခြံတံခါး အနည်းငယ်ကို ဟလိုက်တယ်ဆိုရင်ဘဲ သူ့နှာခေါင်းက ပြူထွက် လာတတ်ပါတယ်။ သင်မထင်ထားတဲ့အချိန်မှာဘဲ ဒီခွေးဟာ နှာခေါင်းဖျားသာမက တစ်ကိုယ်လုံးတိုးထွက်ပြီး ခြံနဲ့ ဝေးရာသို့ ပြေးသွားတာကို သင်မြင်ရမှာပါ။ သင်လိုက်လေသူပြေးလေ ဖြစ်တာကိုလည်း သင်ကြုံဘူးမှာပါ။ ကောင်းကောင်းနေ၊ ကောင်း ကောင်းစားရတဲ့ခွေးဟာ ဘာဖြစ်လို့ခြံထဲက ထွက်ပြေးချင်ရ တာလဲဆိုတာကလည်း စဉ်းစားစရာပါဘဲ။ အဲဒါရဲ့ အဖြေက တော့ ခြံစည်းရိုးကြောင့်ပါဘဲ။ ဟုတ်ပါတယ်။ ဒီခြံစည်းရိုးရဲ့ အနောက်ဖက်မှာ သူ့ဘဝမည်မျှလှပနေပါစေ သူလိုချင်နေတာ ကလွတ်လပ်ခြင်းရဲ့ အရသာပါဘဲ။ လွတ်လပ်ခြင်းရဲ့အရသာကို သူမည်မျှခုံမင်တပ်မက်သလဲဆိုလျှင် ခြံတံခါးကို လာဖွင့်တဲ့ သခင်ကိုပင် သူမလိုချင်တော့ဘဲ သခင်နဲ့ဝေးရာကို ပြေးသွားဖို့ဆန္ဒဘဲ သူ့မှာပြင်းပြနေပါ တော့တယ်။

ထိုနည်းတူစွာ ပညတ်တော်ရဲ့လက်အောက်မှာ နေရတဲ့လူသားများဟာ ခြံစည်းရိုးရဲ့အနောက်ဖက်မှာ ဘောင်ခတ်ခြင်း ခံရတဲ့ခွေးလို စိတ်ကျဉ်းကြပ်ပြီး သခင်ထက်ကို လွတ်လပ်မှုရဲ့ အရသာဆီကိုဘဲ အမြဲအာရုံရောက်နေတတ်ကြပါတယ်။ ခြံစည်း ရိုးကိုကျော်ထွက်ရင်း ရနိုင်မယ့်အရသာမျိုးကိုဘဲ လိုလား တောင့်တကြပါတယ်။ ထိုနည်းတူစွာ ပညတ်တရားများနဲ့ ဘောင်ခတ်ဖို့ ကြိုးစားတတ်ကြတဲ့ လူသားတိုင်းရဲ့ဘဝမှာ မြို့ပေါ်ကခွေးများလိုဘဲ အချိန်ကြာလာသည်နှင့်အမျှ စိတ်ကျဉ်းကြပ်ပြီး လွတ်လပ်ခြင်းရဲ့အရသာကိုဘဲ တဖန်ပြန်လည်ခံစားလိုလာတတ် ကြပြန်ပါတော့တယ်။

အဲဒီဘဝရဲ့ပြောင်းပြန်ကို ရရှိထားတဲ့ တောကခွေး အကြောင်းကို ယခုလေ့လာကြရအောင်။ ခြံစည်းရိုးနဲ့ဘောင်ခတ်ခြင်းမရှိတဲ့နေရာဒေသမှာ လွတ်လပ်စွာ အသက်ရှင်ခွင့်ရတဲ့ တောကခွေးကို သင်တွေ့ချင်လျှင် အဝေးကြီးမှာ သွားရှာဖို့မလိုပါဘူး။ သခင့်အိမ်ရှေ့မှာဘဲ သူတစ်နေကုန်ရှိနေတတ်တာကို သင်မြင်တွေ့နိုင်ပါတယ်။ သူသည်အဝေးကြီးကို သွားလိုက်လို့ ရနိုင်ပါသော်လည်း တစ်နေကုန်အိမ်ရှေ့က ကပြင်မှာဘဲ အလုပ် ရှုပ်နေတတ်ပါတယ်။ သူ့သခင်ဘယ်တော့ အိမ်ထဲကထွက်လာ မလဲလို့ သူမျှော်နေတတ်ပါတယ်။ သခင်က သူ့ခေါင်းကိုပုတ် ကစားမှာလား၊ သူ့ကိုလှည်းနဲ့တင်သွားပြီး အဝေးကြီးကိုခေါ် သွားမှာလားလို့ဘဲ တွေးနေတတ်ပါတယ်။ သူသည် သခင်၏ ခြေရင်းမှာဘဲ လဲလျောင်းနေတတ်ပါတယ်။

ဘာကြောင့် အဲဒီလိုဖြစ်ရတာလဲဆိုတာကို စဉ်းစား ကြည့်လိုက်ပါမိတ်ဆွေ။ . . . အဖြေကတော့ သူရဲ့ဘဝမှာ ခြံစည်းရိုးနှင့် ဘောင်ခတ်ထားခြင်းကို မခံထားရတဲ့အတွက် ကြောင့်ဘဲဖြစ်ပါတယ်။ လွတ်လပ်ခွင့် အပြည့်အဝကိုရရှိထားတဲ့ တောခွေးဟာ သူသွားချင်တဲ့နေရာကို သွားချင်သလောက် သွားနိုင်ပေမယ့် သူ့သခင်နားမှာဘဲ သူရှိနေချင်သလို ကျွန်တော်တို့ ဘဝမှာလည်း လွတ်လပ်စွာသွားလာခွင့် ရွေးချယ်ခွင့်ရှိစဉ်မှာပင် ဘုရားသခင်ရဲ့အနီးအပါးတွင်သာနေလိုသော ဆန္ဒရှိခြင်းဟာ ကျေးဇူးတော်ရဲ့လှုံ့ဆော်မှုများကြောင့်ဘဲဖြစ်ပါတယ်။

*ငါသည်အပြစ်မသင့်ဘဲလျက် ခပ်သိမ်းသောအမှုအရာ ကို ပြုနိုင်သည်မှန်စေတော့။ ခပ်သိမ်းသောအရာကို ပြုသင့်သည်မဟုတ်။ အပြစ်မသင့်ဘဲလျက် ခပ်သိမ်းသောအမှုအရာ ကိုပြုနိုင်သည်မှန်စေတော့။ အဘယ်အမှုရာ၌မျှ ငါသည်ကျွန်မခံ။ (၁ကော၊၆း၁၂)*

အရာရာတိုင်းကို လုပ်နိုင်လျက်နှင့်ပင် မလုပ်သင့်သော အမှုအရာများတို့ကိုမလုပ်ဖို့ ဆန္ဒဖြစ်ပေါ်ခြင်းဟာ တနည်းအားဖြင့် ပြောရလျှင် ဘုရားသခင်အားဖြင့် ရရှိတဲ့ကျေးဇူးတော် ရဲ့ဆွဲငင်အားဘဲဖြစ်ပါတယ်။

ဘုရားသခင်ရဲ့ကျေးဇူးတော်ဟာ ခြံစည်းရိုးတည်းဟူ သောပညတ်တရားများကို ဖြိုဖျက်ပေးခဲ့တဲ့အခါမှာ ကျွန်တော်တို့ဟာ သခင်ကိုပိုမို၍ချစ်ကျွမ်းဝင်ခြင်းရှိလာပြီး သခင့်အလိုအတိုင်း အသက်ရှင်လိုသောဆန္ဒများအလိုလိုပေါ်ပေါက်လာပါတော့တယ်။

တောကခွေးအတွက် ခြံစည်းရိုးမရှိတဲ့အခါ ပိုလွတ်လပ် လျှက်နှင့်ပင် သခင့်နားမှာရှိချင်တဲ့ သဘောတရားမျိုးဘဲဖြစ်ပါတယ်။

ဒါကတော့ "ပညတ်တရား"နှင့် "ကျေးဇူးတော်တရား" ရဲ့ခြား နားချက်ဘဲဖြစ်ပါတယ်။

*ပညတ်တရား၏အကျင့်ကို အမှီပြုသောသူရှိသမျှတို့သည် အကျိန်နှင့်စပ်ဆိုင်ကြ၏။ အကြောင်းမူကား၊ ပညတ္တိကျမ်းစာ၌ပါသမျှသောစကားတို့ကို အမြဲမကျင့်သောသူတိုင်း ကျိန်တော်မူခြင်းကိုခံစေသတည်းဟု ကျမ်းစာလာ၏။ (ဂလာတိ၊ ၃း၁၀)*

*ဤပညတ်တရားစကားတို့ကို အမြဲမကျင့်သောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင် လူအပေါင်းတို့က အာမင် ဟုဝန်ခံရကြမည်။ (တရားဟောရာကျမ်း၊ ၂၇း၂၆)*

ပညတ်တရားကို လိုက်လျှောက်ခြင်းအားဖြင့် ဘုရား သခင်ရဲ့စိတ်တော်နဲ့တွေ့ဖို့ ကြိုးစားသူတိုင်းဟာ ကျိန်ခြင်းကို ခံရခြင်း၌သာ အဆုံးသတ်ရမှာဖြစ်တယ်လို့လည်း ကျမ်းစာက အတိအလင်း ဖော်ပြထားပါတယ်။

*ဘုရားသခင်၏ကျေးဇူးတော်ကို ငါမပယ်။ ပညတ် တရားကိုအမှီပြု၍ ဖြောင့်မတ်ရာသို့ရောက်နိုင်လျှင် ခရစ်တော်သည်အချည်းနှီးအသေခံတော်မူပြီ။ (ဂလာတိ၊ ၂း၂၁)*

ခရစ်တော်ရဲ့အသေခံခြင်းကို လက်ခံခြင်းအားဖြင့် ရရှိ လိုက်တဲ့ထိုကျေးဇူးတော်တရားရဲ့ဆွဲငင်အားကြီးမှုကို ပြန်လည် သတိရပါမိတ်ဆွေ။ ထိုကြီးမားလှတဲ့ ကျေးဇူးတော်အားဖြင့် သင်ဟာ လောကီရဲ့တပ်မက်ခြင်းကို ငြင်းဆိုရန် တတ်နိုင်တယ် ဆိုတာကို တောခွေးရဲ့ ပုံသာဓကအားဖြင့် ယခုသိရပြီးမို့ ထိုအသက်တာကို ဆက်လက်ရွေးချယ်အသက်ရှင်ပါမိတ်ဆွေ။

-စတယ်လာဝေ-